# 2024 ခုနှစ် တရုတ်အမျိုးသားရေးရာကော်မတီ၏ နိုင်ငံရပ်ခြားရှိ လူငယ်များအတွက် ဘာသာစကားဆီမင်နာအတန်း (အဝေးမှ ကွန်ပျူတာဖြင့် သင်ကြားခြင်း)

# ယေဘူယျ မှတ်စု (မူကြမ်း)

၁။ လုပ်ရှားမှုခေါင်းစဉ် - ပင်လယ်ရပ်ခြားရှိ လူငယ်များ၏ တရုတ်ဘာသာစကားစွမ်းရည်ကို တိုးမြှင့်နိုင်ရန်နှင့် 2024 ခုနှစ်တွင် နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွားကျောင်းသားများအတွက် စက်မှုလုပ်ငန်းနှင့် ပညာရှင်များ လက်တွဲပူးပေါင်း လုပ်ဆောင်နေသော အထူးတန်းခွဲများထိုင်ဝမ်သို့ လူငယ်နည်းပညာဆိုင်ရာ လေ့ကျင့်ရေးသင်တန်းနှင့် စက်မှုသင်တန်းကျောင်းတို့မှ ပူးပေါင်းဆောင်ရွက်သည့် တရုတ်ဘာသာစကား အကြား၊ အပြော၊ အဖတ်၊ အရေးနှင့် တရုတ်ဘာသာဖြင့် ကွန်ပျူတာအသုံးပြုခြင်းဆိုင်ရာ သင်တန်းကို လာရောက်ဆည်းပူးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး ထိုင်ဝမ်၏ ယဉ်ကျေးမှုပေါင်းစုံကို နားလည်သိရှိစေနိုင်ရန်လည်းဖြစ်သည်။

၂။ လုပ်ရှားမှုကာလ -

(၁) ဤဆီမင်နာသည် အပတ်စဉ်စနေနှင့် တနင်္ဂနွေတွင် အတန်းရှိပြီး အတန်းတစ်တန်းတွင် 2.5 နာရီ ရှိရမည်သ။ သင်တန်း၏ စုစုပေါင်း အချိန်ဇယားမှာ 40 နာရီဖြစ်ပြီး စုစုပေါင်း 8 ပတ် ရှိမည်ဖြစ်သည်။

(၂) အတန်းတစ်ခုစီအတွက် လေ့လာရမည့်ရက်စွဲနှင့် စာရင်းပေးသွင်းနိုင်သည့် ကျောင်းသားအရေအတွက်ဇယားကို ပူးတွဲပါ 1 တွင် ဖတ်ရှုလေ့လာပါ။

၃။ အရည်အချင်းများ -

(၁) နိုင်ငံရပ်ခြားတွင် နေထိုင်ပြီး အသက် ၁၄ နှစ်မှ ၂၀ နှစ်အောက် လူငယ်များ၊ အသက်အရွယ်အပိုင်းအခြားကို အဆိုပါ လျှပ်ရှားမှု၏ အတန်းစတင်ဖွင့်လှစ်သည့်နေ့အထိ တွက်ချက်ပေးမည်ဖြစ်သည်။ (နိုင်ငံကူးလက်မှတ်တွင် ပါရှိသော မွေးသက္ကရာဇ်ကို အတည်ပြုမည်။) နေထိုင်သည့်နိုင်ငံတွင် နိုင်ငံကူးလက်မှတ်ရှိခြင်း သို့မဟုတ် နိုင်ငံရပ်ခြားတွင် နေထိုင်ကြောင်း ဖြည့်စွက်ဗီဇာရှိခြင်းတို့အပြင် လက်ရှိတွင် နိုင်ငံရပ်ခြားတွင် နေထိုင်နေသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းပြီး ပညာရေးဆိုင်ရာ အကျင့်စာရိတ္တကောင်းမွန်၍ တရုတ်ဘာသာစကားကို သင်ယူလိုစိတ်မြင့်မားသည့်အပြင် ၊ တရုတ်နွယ်ဖွားကတ်ကို ကိုင်ဆောင်ထားနိုင်သူများ အကျုံးဝင်မည်ဖြစ်သည်။

(၂) ဦးစားပေး ဝင်ခွင့်အရည်အချင်းပြည့်မီသူများ - လျှောက်ထားသော ကျောင်းသားအနေဖြင့် ထိုင်ဝမ်ရှိ တက္ကသိုလ်တစ်ခုခုသို့ ဝင်ရောက်ရန် လျှောက်ထားခြင်း သို့မဟုတ် 2024 ခုနှစ်တွင် စက်မှုလက်မှုမှ ပူးတွဲပို့ချသော လေးနှစ်တာစီးပွားရေးတက္ကသိုလ်ဘွဲ့ ၊ နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွား ကျောင်းသားကျောင်းသူများ လူငယ်နည်းပညာဆိုင်ရာ လေ့ကျင့်ရေးသင်တန်းနှင့် စက်မှုသင်တန်းကျောင်းတို့မှ ပူးပေါင်းဆောင်ရွက်သည့် အတန်းကို တက်ရောက်မည့် ကျောင်းသားသစ်များ အနေဖြင့် ကျောင်းဝင်ခွင့်လျှောက်ထားခြင်း သို့မဟုတ် လျှောက်အပ်နှံထားခြင်းစသည့် အထောက်အထားများကို ပူးတွဲတင်ပြပါက ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

၄။ နာမည်စာရင်းပေးသွင်းခြင်းအဆင့်ဆင့် -

(၁) နာမည်စာရင်းပေးသွင်းရမည့်ကာလ (ထိုင်ဝမ်အချိန်) -

1. တစ်ကမ္ဘာလုံးဆိုင်ရာ အတန်း (အပတ်စဉ် 1) - ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့မှ စတင်၍ နာမည်စာရင်းပေးသွင်းခြင်းကို လက်ခံမည်။ အဆိုပါ အပတ်စဉ် သတ်မှတ်အရေအတွက် ပြည့်သည့်အချိန်အထိ ဖြစ်သည်။

2. ဒေသဆိုင်ရာ အထူးအတန်းများ - အတန်းမစတင်မီ 3 လအလိုတွင် အမည်စာရင်းပေးသွင်းခြင်းကို စတင်လက်ခံမည်ဖြစ်ပြီး လက်ရှိအပတ်စဉ်အတွက် ကျောင်းသားဦးရေ ပြည့်သည့်အခါ ဖောင်ပိတ်မည်ဖြစ်သည်။

(၂) နာမည်စာရင်းပေးသွင်းနိုင်သည့် နည်းလမ်းများ -

1. တစ်ကမ္ဘာလုံးဆိုင်ရာ အတန်း (အပတ်စဉ် 1) - အမည်စာရင်းပေးသွင်းရန် ဖောင်မပိတ်ခင် ကျွန်ုပ်တို့၏ ကော်မတီ "ပြည်ပတရုတ်နွယ်ဖွားရေးရာ လုပ်ရှားမှု နာမည်စာရင်းပေးသွင်းသည့်စနစ်" (ဝဘ်ဆိုက် - http://register.ocac.gov.tw/) နာမည်စာရင်း ပေးသွင်းနိုင်သည်။
2. ဒေသဆိုင်ရာ အထူးအတန်းများ - အမည်စာရင်းပေးသွင်းရန် ဖောင်မပိတ်ခင် နိုင်ငံရပ်ခြားရှိ ကျွန်ုပ်တို့ (ထိုင်ဝမ်) ပြည်ပရေးရာစင်တာရှိ တရုတ်နွယ်ဖွားရေးရာဆောင်ရွက်ရေးကော်မတီတွင် အမည်စာရင်းပေးသွင်းပါ။ ဆက်သွယ်ရန် အချက်အလက်များအတွက် ပူးတွဲပါ 2 ကို ဖတ်ရှုပေးပါ။

(၃) အကဲဖြတ်သုံးသပ်ခြင်းအဆင့်ဆင့် - ကျောင်းသား အမည်စာရင်းပေးသွင်းထားသည့် အချက်အလက်များကို ပထမအဆင့်တွင် ကျွန်ုပ်တို့ (ထိုင်ဝမ်) ပြည်ပရေးရာစင်တာရှိ တရုတ်နွယ်ဖွားရေးရာဆောင်ရွက်ရေးကော်မတီ သို့မဟုတ် နိုင်ငံရပ်ခြားရှိ တရုတ်ဘာသာသင်ကြားရေးစင်တာမှ အကဲဖြတ်သုံးသပ်မည် (အကယ်၍ ကျွန်ုပ်တို့ ကော်မတီမှ အဆိုပါ ဒေသတွင် တာဝန်ထမ်းဆောင်နေသောသူ မရှိပါက ကျွန်ုပ်တို့ကော်မတီရှိ နိုင်ငံရပ်ခြားတရုတ်နွယ်ဖွားရေးရာ ကော်မတီကို တာဝန်ယူဆောင်ရွက်ပေးနေသောသူအား ကနဦးအဆင့် အကဲဖြတ်မှုကို လုပ်ဆောင်စေမည်။)။ ဒုတိယအဆင့်အနေဖြင့် ကျွန်ုပ်တို့ကော်မတီမှ ထပ်မံအကဲဖြတ်မည်ဖြစ်ကာ လုပ်ဆောင်မှုအပြီးတွင် ကျွန်ုပ်တို့ကော်မတီ နိုင်ငံရပ်ခြားရှိ ပြည်ပရေးရာစင်တာရှိ တရုတ်နွယ်ဖွားရေးရာဆောင်ရွက်ရေးကော်မတီနှင့် နိုင်ငံရပ်ခြားရှိ တရုတ်ဘာသာသင်ကြားရေးစင်တာများကို ဝင်ခွင့်ရလဒ်များ ပေးပို့သွားမည်ဖြစ်သည်။

(၄) ကျေးဇူးပြု၍ **i** တရုတ်နွယ်ဖွားကတ်ကို ကိုင်ဆောင်ထားသူများ အောက်ပါစာရွက်စာတမ်းများ၏ အီလက်ထရွန်နစ်ဖိုင်များကို အမည်စာရင်းပေးသွင်းသည့်စနစ်ဖြစ်သော "စာရွက်စာတမ်းများ တင်သွင်းခြင်း" အကွက်တွင် စကင်ဖတ်ကာ

အပ်လုဒ်လုပ်ပေးရမည်ဖြစ်သည်။

1. မိမိ၏ ဓာတ်ပုံ၏ အီလက်ထရွန်းနစ်ဖိုင်။

2. သက်တမ်းရှိသေးသော နိုင်ငံရပ်ခြားရှိ နိုင်ငံကူးလက်မှတ်မိတ္တူ။

3. ထိုင်ဝမ်သို့ ကျောင်းလာရောက်တက်ရောက်ရန် ထိုင်ဝမ်ရှိ တက္ကသိုလ်တစ်ခုခုသို့ ဝင်ရောက်ရန် လျှောက်ထားခြင်း သို့မဟုတ် 2024 ခုနှစ်တွင် စက်မှုလက်မှုမှ ပူးတွဲပို့ချသော လေးနှစ်တာ စီးပွားရေးတက္ကသိုလ်ဘွဲ့ အတန်းကို တက်ရောက်မည့် ကျောင်းသားသစ်များ အနေဖြင့် ကျောင်းဝင်ခွင့်လျှောက်ထားခြင်း သို့မဟုတ် လျှောက်အပ်နှံထားခြင်းစသည့် အထောက်အထားများကို ပူးတွဲတင်ပြပါ (မရှိသူများအနေဖြင့် ပေးပို့ပေးရန်မလိုပါ။)

၅။ သင်တန်းအကြောင်းအရာ

(၁) တရုတ်ဘာသာစကားသင်ကြားခြင်း - အထူးကြပ်မတ်ထားသော သင်ခန်းစာများကို အသုံးပြုပြီး သင်ခန်းစာအကြောင်းအရာများသည် ကျောင်းသားများ၏ အကြား၊ အပြော၊ အဖတ်နှင့် အရေးစွမ်းအင်များကို တိုးမြှင့်စေမည်။

(၂) တရုတ်စာလုံးကို ကွန်ပျူတာတွင် ရိုက်နှိပ်ခြင်း သင်ကြားရေးနှင့် အင်တာနက်အသုံးပြုပုံပြနည်း အတန်းများ - သင်တန်းတွင် ဤကော်မတီ၏ တစ်ကမ္ဘာလုံးဆိုင်ရာ တရုတ်ဘာသာဝဘ်ဆိုက် (www.huayuworld.org) ရှိ အရင်းအမြစ်နှင့် လှုပ်ရှားမှုများကို ပေါင်းစပ်ပြီး ကျောင်းသားများအား တရုတ်ဘာသာစကားနှင့် တရုတ်ဘာသာဖြင့် ကွန်ပျူတာအသုံးပြုခြင်းများကို လေ့လာသင်ယူစေမည်။

(၃) ယဉ်ကျေးမှု ၊ ထိုင်ဝမ်ကို လေ့လာခြင်း နှင့် ဤကော်မတီ၏ ဖေ့ဘုတ်တရားဝင် စာမျက်နှာတွင် မိတ်ဆက်ပေးထားသည်။

(၄) ထိုင်ဝမ်တွင် ပညာလာရောက်သင်ကြားခြင်းဆိုင်ရာ ဟောပြောပွဲများ - ထိုင်ဝမ်တွင် ပညာလာရောက်သင်ကြားကြရန် အားပေးသည့်အနေဖြင့် ပြည်တွင်းရှိ တက္ကသိုလ် 2 ခု အထက်မှ ပညာသင်ကြားနေသော ထူးချွန်သော တရုတ်နွယ်ဖွား ကျောင်းသားများကို သူတို့၏ အတွေ့အကြုံများကို မျှဝေရန် ဖိတ်ကြားထားသည်။ ထိုင်ဝမ်တွင် ပညာသင်ကြားရန်၊ ထိုင်ဝမ်ရှိ ပညာသင်ကြားရေးဘဝ နှင့် လေ့လာရေးပတ်ဝန်းကျင်ကို နားလည်သိရှိစေမည်ဖြစ်သည်။

(၅) တရုတ်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲဆိုင်ရာ ဟောပြောမှုများ - ကျောင်းသားများအား တရုတ်ဘာသာစကား ကျွမ်းကျင်မှု စာမေးပွဲကို ဖြေဆိုရန် အားပေးသည့်အနေဖြင့် ကျောင်းသားများအား စာမေးပွဲ၏ မေးခွန်းအမျိုးအစား နှင့် အသုံးပြုမှုများကို နားလည်နိုင်စေရန် တရုတ်ဘာသာစကား ကျွမ်းကျင်မှု စာမေးပွဲ ဟောပြောပွဲကို ကျင်းပပေးသည်။

၆။ ဆီမီနာ၏ ထူးခြားချက်များ -

(၁) သင်တန်းသည် အထူးအတန်းအဖြစ် ဒီဇိုင်းရေးဆွဲထားပြီး ကျောင်းသားများ၏ နားထောင်ခြင်း၊ စကားပြောခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း နှင့် ကွန်ပျူတာတွင် တရုတ်စာလုံး ထည့်သွင်းခြင်းစွမ်းရည်များကို စဉ်ဆက်မပြတ်တိုးတက် ကောင်းမွန်လာစေမည်ဖြစ်သည်။

(၂) တရုတ်ဘာသာစကားကျွမ်းကျင်မှုအလိုက် အတန်းငယ်ပုံစံမျိုးဖြင့် သင်ကြားပေးသည်။

(၃) အွန်လိုင်းတရုတ်စကားဗီဒီယိုသင်တန်းများ (ဆရာ 1 ဦးလျှင် ကျောင်းသား 10 ဦး ဝန်းကျင်) ၊ အွန်လိုင်းတွင် တစ်ချိန်တည်း မိမိဘာသာလေ့လာခြင်းနှင့် ပြန်လည် လေ့လာခြင်း အတန်းများ။

(၄)　အတန်းငယ်စနစ်ဖြစ်ပြီး နာမည်စာရင်းပေးသွင်းပြီးနောက် တရုတ်ဘာသာစကား ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲစနစ်အတိုင်း အဆင့်ခွဲခြားကို လုပ်ဆောင်ပေးမည်။ ကျောင်းသားများ၏ အဆင့်အတိုင်း သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် လိုင်းပေါ်တွင်လည်း နှုတ်ဖြေစာမေးပွဲလုပ်ဆောင်ပေးမည်ဖြစ်ပြီး ဤနည်းဖြင့် ကျောင်းသား၏ အဆင့်ကို မှန်ကန်စွာ ခွဲခြားသတ်မှတ်ပေးမည်ဖြစ်သည်။

(၅)　ဆီမီနာပြီးနောက်တွင် အတန်းတိုင်း၏ 10% ထူးချွန်ကျောင်းသားကို ဂုဏ်ပြုသည့်အနေဖြင့် ဆုနှင့် ဆုလက်ဆောင်များ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

၇။　ရောက်ရှိကြောင်း မှတ်ပုံတင်ခြင်း -

(၁)　ရက်စွဲ - ဝင်ခွင့်အကြောင်းကြားခြင်းဆိုင်ရာ သတ်မှတ်စည်းမျဉ်းများနှင့်အညီ ကျောင်းသားများ၏ တရုတ်ဘာသာအရည်အချင်းစစ်အလိုက် လျင်လျင်မြန်မြန် အဆင့်ကို ရွေးထုတ်ပေးမည် လုပ်ဆောင်မည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်မည့်နေ့ကို ပြောင်းလဲလိုသူများအနေဖြင့် အမည်စာရင်းပေးသွင်းသည့် အဖွဲ့အစည်းကို ဦးစွာတောင်းယူရမည်။ အများဆုံးအနေဖြင့် 3 ရက်သာ ခွင့်ပြုသည်။

(၂)　ဆီမီနာကာလအတွင်း ဤလှုပ်ရှားမှုနှင့် ပတ်သက်သော စည်းမျဉ်းများအားလုံးကို လိုက်နာရမည်ဖြစ်ပြီး ကြီးလေးသော စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက ဤကော်မတီမှ သတ်မှတ်စည်းမျဉ်းများနှင့်အညီ သင်တန်းမှ ထုတ်ပယ်မည်ဖြစ်သည်။

၈။　ဂရုပြုရမည့်အချက်အလက်များ -

(၁)　အတန်းတက်ချိန်တွင် ကွန်ပျူတာကို အသုံးပြုရန် အကြံပေးထားပြီး မိုက်ခရိုဖုန်း၊ နားကြပ်နှင့် ဝဘ်ကမ်စသည်တို့ကို အတန်းချိန်အတွင်း အပြန်အလှန် ဆက်သွယ်ရန် တပ်ဆင်ထားရန် လိုအပ်ပါသည်။

(၂) ဤဆီမင်နာအတန်းသည် မတင်ခင် အတန်းခွဲနိုင်ရန်အတွက် စစ်ဆေးမှုရှိပါသည်။ တရုတ်ဘာသာအရည်အချင်းအမြန်စစ်ဆေးနိုင်သည့် အွန်လိုင်းစစ်ဆေးမှုနှင့် အွန်လိုင်းနှုတ်ဖြေစာမေးပွဲတို့ဖြစ်သည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း အတန်းခွဲခြင်း၊ နာမည်စာရင်းပေးခြင်းစသည့် လုပ်ငန်းစဉ်များကို မလုပ်ဆောင်ပါက ဤကော်မတီမှ သတ်မှတ်လုပ်ဆောင်ချက်အတိုင်း အတန်းမှ ထုတ်ပယ်မည်ဖြစ်သည်။

(၃) ကျောင်းသားများသည် တစ်စုံတစ်ရာကြောင့် အတန်းပျက်ပါက အတန်းပျက်ကွက်ပါက အတန်းမတက်မီ တစ်ရက်အလိုတွင် ခွင့်တိုင်ရမည်ဖြစ်သည်။ ပြီးနောက် ဆရာနှင့် ညှိနှိုင်းပြီး အတန်းအစားထိုးလုပ်ဆောင်နိုင်သည်။ နောက်အတန်းမတက်ခင်အချိန်တွင် အတန်းအစားထိုးပြီးအောင် လုပ်ဆောင်ထားရမည်ဖြစ်သည်။ သတ်မှတ်ချက်အရ အတန်းအစားထိုးသည့်ကြိမ်ရေသည် မူလသင်တန်းချိန် စုစုပေါင်း၏ 20% ထက်မပိုရပါ။

(၄) ကျောင်းသားအနေဖြင့် အတန်းတက်ရောက်ချိန်သည် အနည်းဆုံး 32 နာရီ (အတန်းအဖွင့်နှင့် အတန်းပိတ်ပွဲများမပါပါ) ၊ အတန်းခွဲခြင်းကို လုပ်ထားခြင်း ၊ သင်တန်းဆင်းပွဲ စာမေးပွဲ ၊ စစ်တမ်းကောက်ယူခြင်း တို့ကို လုပ်ဆောင်ထားမည်။ ထို့အပြင် သင်ယူအကဲဖြတ်မှုကို အောင်မြင်သော ကျောင်းသားများအနေဖြင့် ဤကော်မတီမှ တရုတ်အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဒစ်ဂျစ်တယ်အတန်းပြီးမြောက်ကြောင်းလက်မှတ်ထုပေးပါမည်။ ထို့အပြင် တရုတ်ဘာသာနှင့်လေ့လာထားသောအချိန်အရေအတွက်ကိုလည်း ဖြည့်စွက်ပေးမည်ဖြစ်သည်။

(၅) မလွှဲသာသော အခြေအနေမှ လွဲ၍ ဆီမင်နာကာလအတွင်း အကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်း၊ တက်ရောက်ချိန်သည် **32** နာရီ မပြည့်ခြင်း ၊ သို့မဟုတ် သတ်မှတ်ထားသည့်အတိုင်း အတန်းခွဲခြင်းနှင့် နာမည်စာရင်းပေးသွင်းခြင်းတို့ကို မလုပ်ဆောင်ထားပါက နောက်နှစ်အတွက် အမည်စာရင်းပေးသွင်းခြင်းမှ ကန့်သတ်ထားခြင်း ခံရမည်ဖြစ်သည်။

၉။ အမည်စာရင်းပေးသွင်းခြင်းအကြောင်းအရာနှင့် ပတ်သက်၍ တစ်စုံတစ်ခု သံသရာရှိပါက တရုတ်ယေဘူယျမှတ်စုဖြင့်သာ အတည်ပြုမည်ဖြစ်သည်။

ပူးတွဲစာမျက်နှာ 1

| ကာလအမျိုးအစား | လုပ်ဆောင်မှုကာလ | အတန်းအမျိုးအစား | ထိုင်ဝမ်စံတော်ချိန် | သင်တန်းကာလ | အပ်နှံနိုင်သေးသည့်ကျောင်းသားဦးရေ |
|---|---|---|---|---|---|
| တစ်ကမ္ဘာလုံးဆိုင်ရာအတန်း (အပတ်စဉ် 1)<br>(အဝေးမှ ဗီဒီယိုဖြင့် သင်ကြားခြင်း) | 3/2～4/21 | မနက်ပိုင်းအတန်း | အပတ်စဉ် စနေ၊ တနင်္ဂနွေ<br>09:00-11:30 | 8 ပတ် | 180 |
| | | ညနေပိုင်းအတန်း | အပတ်စဉ် စနေ၊ တနင်္ဂနွေ<br>15:00-17:30 | | |
| အင်ဒိုနီးရှားအတန်း<br>(အဝေးမှ ဗီဒီယိုဖြင့် သင်ကြားခြင်း) | 4/20～6/9 | စနေ<br>ညနေပိုင်းအတန်း<br>တနင်္ဂနွေ<br>မနက်ပိုင်းအတန်း | စနေ<br>15:00-17:30 | 8 ပတ် | 200 |
| | | | တနင်္ဂနွေ<br>10:00-12:30 | | |
| ဗီယက်နမ်အတန်း<br>(အဝေးမှ ဗီဒီယိုဖြင့် သင်ကြားခြင်း) | 6/1～7/21 | မနက်ပိုင်းအတန်း | အပတ်စဉ် စနေ၊ တနင်္ဂနွေ<br>09:30-12:00 | 8 ပတ် | 80 |

| အဖွဲ့အစည်း | ဖုန်း | ဖက်စ် | အီးမေးလ် |
|---|---|---|---|
| အင်ဒိုနီးရှားနိုင်ငံအခြေစိုက် တရုတ်နွယ်ဖွားရေးရာအဖွဲ့ | +62-21-515-3939 လိုင်းခွဲ 411/420 | +62-21-515-4228 | indonesia@ocac.gov.tw |
| ဗီယက်နမ်နိုင်ငံအခြေစိုက် တရုတ်နွယ်ဖွားရေးရာအဖွဲ့ | +84-24-38335501 လိုင်းခွဲ 8463 | +84-24-3833-5508 | hanoi@ocac.gov.tw |
| ဟိုချီမင်းမြို့အခြေစိုက် တရုတ်နွယ်ဖွားရေးရာအဖွဲ့ | +84-28-3927-4997 | +84-28-3834-9178 | vietnam@ocac.gov.tw |